## (၁၀) အဝါရောင်အရွက်တွန့်ဖိုင်းရပ် ရောဂါ (Tomato yellow leaf curl virus)

**ရောဂါဖြစ်စေသက်ရှိ - Tomato yellow leaf curl virus**

**ရောဂါလက္ခဏာ**

ပျိုးပင်များတွင် အညွန့်များ တိုလာပြီး အပင်ငယ်များကို ချုံပုတ်အသွင် သဏ္ဍာန် ဖြစ်စေ သည်။ ရောဂါကျရောက်သော အပင်ကြီးများတွင် အသစ်ထွက်လာသောအညွှန့်များ၏ အရွယ် အစားသည် သေးလာသည်။ ခရမ်းချဉ်ပင်များတွင် အထင်ရှားဆုံးလက္ခဏာများမှာ အရွက်များ သေးငယ်လာပြီး ရွက်ကြောများကြားတွင် အဝါရောင်ဖြစ်လာသည်။ အရွက်များသည် အပေါ်ဖက်သို့ ကွေးတက်လာပြီး အရွက်အလယ်သို့ ကွေးသွားကြသည်။



ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသောမျိုးကို ရွေးချယ်စိုက်ပျိုးပါ။
- ရောဂါရအပင်အားချက်ချင်းနှုတ်ယူဖျက်ဆီးမီးရှို့ပါ။
- ရောဂါကင်းသော ပျိုးပင်များကိုသာ စိုက်ပျိုးပါ။
- ယင်ဖြူကြောင့်ကူးစက်မှုဖြစ်သဖြင့် အပင်ငယ်စဉ်ကတည်းက ယင်ဖြူအား နှိမ်နင်းပါ။